# ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း



**NEW APPROACH TO BUDDHA DESANA**

ဗုဒ္ဓဒေသနာကို စနစ်သစ်နည်းဖြင့် လေ့လာခြင်း

စာစဉ်(၅)

# ဘဝဖြစ်စေသောအကြောင်း

၂၀၀၆-ခုနှစ်၊ နိုဝင်ဘာလ ၂-ရက်
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အာဇာနည်လမ်း
ရှင်သာမဏေဗိမာန်တွင် ၂၄-ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း၌
ဟောကြားသောတရားတော်


## ဦးဌေးအောင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)
ပဓာနနာယက၊ ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဌာနမှူး (ငြိမ်း)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး

# ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့်လေ့လာခြင်း

## အစဉ် - ၅

## ဘဝဖြစ်စေသောအကြောင်း

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂-ရက်
အာဇာနည်လမ်း၊ ရှင်သာမဏောဗိမာန်တွင် ၂၄-ကြိမ်မြောက်
ဗုဒ္ဓဒေသနာသင်တန်း၌ ဟောကြားသောတရားတော်


## ဦးဌေးအောင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)
ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

# ဘဝဖြစ်စေသောအကြောင်း

ရူပက္ခန္ဓာခေါ်တဲ့ ရုပ်ခန္ဓာ၊ နာမက္ခန္ဓာခေါ်တဲ့ နာမ်ခန္ဓာ၊ ရုပ်အဖွဲ့အစည်း၊ စိတ်အဖွဲ့အစည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်တဲ့ ကံဆိုတဲ့ အလုပ်သဘော၊ ကံဆိုတဲ့ အလုပ်တွေ လုပ်တဲ့အတွက် ထွက်ပေါ်လာတဲ့ ကမ္မသတ္တိဆိုတဲ့ ကံစွမ်းအားများအကြောင်း၊ ဒီသဘာဝတရားတွေ အလုပ်လုပ်နေတဲ့အခါမှာ ရရှိထားတဲ့ဘဝ။ ဒီမှာ တကယ် အလုပ်လုပ်နေတာတွေသည် စွမ်းအားတွေပါ။

သဘာဝစွမ်းအားတွေ၊ ကိုယ်ကာယက ထွက်ပေါ်လာတဲ့ စွမ်းအား၊ စိတ်ကထွက်ပေါ်လာတဲ့ စွမ်းအား၊ ဒီစွမ်းအားတွေနှင့် အလုပ်လုပ်လိုက်တဲ့အခါကျတော့ အလုပ်တွေ ဖြစ်မြောက်ပါတယ်။ အလုပ်တွေက ထွက်ပေါ်လာတဲ့ စွမ်းအား၊ အလုပ်လုပ်သမျှ ထွက်ပေါ်လာတဲ့ စွမ်းအား 'ကံစွမ်းအား'လို့ ခေါ်ပါတယ်။

သဘာဝစွမ်းအားတွေ အလုပ်လုပ်နေပုံကို သူ့အကြောင်းနှင့်သူ ဆက်သွယ်နေတဲ့ သဘောတွေ လေ့လာရပါတယ်။ အရေးကြီးတဲ့အချက် အခုလက်ရှိ မိမိတို့ ရရှိထားတဲ့ဘဝ။ ဘဝဆိုတဲ့ အသုံးအနှုန်းသည် ပါဠိစကား၊ အခု မြန်မာစကားသည်လည်း ပါဠိစကားနှင့် ထပ်တူသုံးပါတယ်။ ဒီအဓိပ္ပါယ်တွေကိုလည်း ထိုက်သင့်သည့်အားလျော်စွာ နားလည်ပါတယ်။ သို့သော် တိတိကျကျ ဘဝနှင့်ပတ်သက်လို့ အခြေခံ အကြောင်းအရာများကျတော့၊ ဒေသနာမှာပါတဲ့ သဘာဝတရားတွေကို လေ့လာမှ ဘဝနှင့်ပတ်သက်တဲ့ အကြောင်းအရာတွေကို တိတိကျကျ၊ ပြတ်ပြတ်သားသား

စဉ်းစားနိုင်၊ ဆင်ခြင်နိုင်ပါတယ်။ စဉ်းစားဆင်ခြင်ကြည့်မှ ဘဝ၏ အဓိပ္ပါယ်ကို ကောင်းစွာ နားလည်ပါတယ်။

သဘာဝတရားတွေမှာ လေ့လာခဲ့တဲ့ ဘဝဆိုတာ တစ်ခုတည်း မဟုတ်၊ ဘဝအဆက်ဆက်က ဆိုတာကို သိပါတယ်။ ပစ္စုပ္ပန်ဘဝ မရောက်ခင်၊ အတိတ်ကဘဝ၊ ဘဝပေါင်းများစွာ နေခဲ့ရပါတယ်။ ဒီဘဝ ပြီးသွားပြီးတော့လည်း နောက်ဘဝပေါင်းများစွာ ဆက်လက်နေကြရဦးမည် ဆိုတဲ့ သဘောသဘာဝကို သိရှိနားလည်ထားပါပြီ။ ဒီအခြေခံကနေပြီးတော့ ဘဝပေါင်းများစွာ အဆက်မပြတ် နေနေကြရပါတယ်။ လူနှင့်တကွ၊ သတ္တဝါအားလုံးမှာ ရှိနေတဲ့ ဘဝအကြောင်းအရာကို အခြားသော ဘာသာများက မိမိတို့နည်းနှင့် မိမိတို့ ရှင်းလင်းပြောပြကြပါတယ်။

ဗုဒ္ဓဒေသနာမှာကတော့ ဘုရားရှင်က လူ့သဘာဝတွေကို ရှင်းလင်းပြောပြတဲ့အခါမှာ၊ ထူးခြားတဲ့အချက်ကို နားလည်အောင် စဉ်းစားရပါမည်။ ဘဝအဖြစ်ကို ရောက်ရှိလာခြင်းသည်၊ ပုဂ္ဂိုလ်ဆိုသော ပုဂ္ဂိုလ်များ၊ ထူးသောပုဂ္ဂိုလ်များ၊ စွမ်းအားရှိသော ပုဂ္ဂိုလ်များ စွမ်းအားရှိသလို၊ ဖန်ဆင်းတည်ထောင်ခြင်းကြောင့် လူ့ဘဝ၊ လူ့ခန္ဓာကို ရခဲ့တယ်ဆိုတဲ့ အယူမျိုးနှင့် တခြားဘာသာများ သင်ကြားပါတယ်။ ဗုဒ္ဓဘာသာကတော့ ဒီလို မဟုတ်ပါ။ သဘာဝတရားတွေ၊ ကိုယ်ကာယနှင့်ပတ်သက်တဲ့ ကိုယ်စွမ်းအားတွေ၊ စိတ်နှင့် ပတ်သက်တဲ့ အလုပ်စွမ်းအားတွေ၊ ဒါတွေနှင့် ဘဝကို ဖေါ်ဆောင်ထားတာပါ။

ထူးခြားတဲ့အချက်က ဖန်ဆင်းသူက ဖန်ဆင်းတာတွေ မဟုတ်ပါ။ အထူးသဖြင့် အလုပ်စွမ်းအား၊ မိမိကိုယ်တိုင် နေ့စဉ်နှင့်အမျှ လုပ်နေတဲ့

အလုပ်တွေက စွမ်းအားတွေ ထွက်ပေါ်ပါတယ်။ ဒီစွမ်းအားတွေက 'ဘဝ' ဆိုတာကို ပုံဖော်ပေးနေတာပါ။ 'အလုပ်က ဘဝကို ပုံဖော်ပေးတာပါ။' အလုပ် = ကမ္မ၊ အလုပ်က ပုံဖော်ပေးတဲ့ဘဝ = ကမ္မဘဝ။

ကမ္မဘဝဆိုတာ လုပ်နေတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုသော ကံ ၃-ပါးတို့ အလုပ်လုပ်ခြင်းကြောင့် ကမ္မတွေပေါ်ပါတယ်။ ကမ္မက ထွက်ပေါ်လာတဲ့စွမ်းအားနှင့် ဘဝဆိုတာကို တည်ထောင်ထားတာပါ။ သိရမည့်အချက်က ကံစွမ်းအားဆိုတာ တခြားသူက လုပ်တာမဟုတ်။ ကိုယ်ကာယစွမ်းအားနှင့် စိတ်စွမ်းအားတို့ လုပ်တာပါ။ စွမ်းအားတွေကို အချိန်မရွေး မြှင့်တင်နိုင်ပါတယ်။ အလုပ်တွေ အဆင့်မြင့်လျှင်လည်း စွမ်းအားတွေက ကောင်းတဲ့စွမ်းအား၊ အဆင့်မြင့်တဲ့စွမ်းအားတွေ ဖြစ်ပါတယ်။ ဒီစွမ်းအားတွေက အဆင့်မြင့်တဲ့ ဘဝကိုလည်း ဖန်တီးပေးနိုင်ပါတယ်။

ဆက်လက်ပြီးတော့ သဘာဝကျကျ စဉ်းစားရမည့်အချက်က - ဘဝဆိုတာကို ရပြီဆိုလျှင်၊ ဒီဘဝဟာ ကိုယ်ကာယနှင့် စိတ်နှင့် ဘဝခရီးကို သွားနေပါတယ်။ သွားနေတဲ့ဘဝရဲ့အဖြစ်မှန်ကို သိအောင်စဉ်းစားပါ။ မိမိတို့ရထားတဲ့ ကိုယ်ကာယဟာ ရုပ်တရားတို့၏ 'ဥပဒေသ'၊ ရူပက္ခန္ဓာတို့၏ 'နိယာမ'။ ဒီဥပဒေသတိုင်း ရုပ်ခန္ဓာကလည်း သူ့လမ်းစဉ်အတိုင်း သူသွားနေတာ အမှန်ပါ။ သေသေချာချာ နှလုံးသွင်းဆင်ခြင်ဖို့က ကာယခေါ်တဲ့ ခန္ဓာကိုယ်ကို စတင်တည်ထောင်တဲ့ အချိန်၊ 'ပဋိသန္ဓေ' တည်တဲ့အချိန်ကစပြီး နောက်ဆုံး ဘဝအဆုံးသတ်ရတဲ့ 'စုတိ'ဆိုတဲ့ အချိန်အထိ၊ ခန္ဓာကိုယ်ကြီးဟာ သူ့ရဲ့ရုပ်ခန္ဓာတို့၏ နိယာမ(ဥပဒေသ)အတိုင်း သူသွား

တာပါ။ ထင်ရှားသိမြင်နိုင်တဲ့အကြောင်းက ခန္ဓာကိုယ်ကြီးဟာ မရပ်မနား အလုပ်တွေ လုပ်ရတယ်။ အလုပ်လုပ်တာသည် ခန္ဓာကိုယ် ရှင်ရေးအ တွက်ပါ။ အလုပ်လုပ်ရင်း ခန္ဓာကိုယ် ကြီးထွားလာပါတယ်။ အိုမင်း ရင့် ရော်လာပါတယ်။ နောက်ဆုံး သေခြင်းနှင့် အဆုံးသတ်ရပါတယ်။ ဒါသည် ကိုယ်ကာယခေါ်တဲ့ ရူပက္ခန္ဓာ၏ နိယာမပါ။

စိတ်ဆိုတဲ့ စိတ်ကလည်း သူ့၏နိယာမအတိုင်း အလုပ်လုပ်ပါ တယ်။ စိတ်ဟာ ခံစားမှုအမျိုးမျိုးနှင့် တွေ့ကြုံရပါတယ်။ ခံစားမှုအထဲက ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ပူပန်ခြင်းကိုလည်း စိတ်ကလုပ်ပါတယ်။ ဒီ သဘာဝဟာ ဘဝနှင့် ဆက်စပ်နေပါတယ်။ ဘဝဆိုတာရလျှင် ရူပက္ခန္ဓာ ကလည်း အိုတဲ့အလုပ်၊ သေတဲ့အလုပ် လုပ်ပါတယ်။ ဒီကြားထဲ နာတဲ့ အလုပ်လည်း လုပ်ပါတယ်။ စိတ်ဆိုတဲ့ နာမ်ခန္ဓာကလည်း ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ဆင်းရဲခြင်းအမျိုးမျိုးကို စိတ်က လုပ်ပါတယ်။ ဒါတွေကို ခြုံငုံသုံးသပ်ကြည့်လျှင် ဘဝနှင့်ပတ်သက်၍ ဘဝတန်ဖိုးကို အားလုံးခြုံပြီး တွက်လိုက်လျှင် ဘဝဆိုတဲ့အထဲမှာ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲ ခြင်းတွေနှင့် အပြည့် တည်ဆောက်ထားရပါတယ်။ ဒီလို တည်ဆောက် ထားတဲ့ဘဝဟာ တန်ဖိုးတွက်ကြည့်လျှင် ကောင်းစွာမွန်စွာ နေရတယ်ဆို တဲ့အဖြစ်က နည်းပါတယ်။ ဆင်းရဲပင်ပန်းတာက များပါတယ်။ ဒီလိုဆင်းရဲ ပင်ပန်းပြီး သွားနေရတဲ့ဘဝဟာ တစ်ခုထဲမဟုတ်ပါ။ ဘဝ အဆက်ဆက် သွားရပါတယ်။ ဒါသည် သဘာဝတရားပါ။

သဘာဝတရားတွေ အလုပ်လုပ်နေတာကို သေသေချာချာ ဉာဏ်ပညာနှင့် ဆင်ခြင်စဉ်းစားမည်ဆိုလျှင် ဒီလို အခြေခံကျကျ၊ သဘာဝ

ပညာများကို ဆင်ခြင်မှုမရှိလျှင်၊ ဒီပညာများ မတတ်လျှင် ဘဝနှင့်ပတ်သက်သည့် အကြောင်းအရာများကို စနစ်တကျ အမှန်အတိုင်း၊ သဘာဝအတိုင်း မသိနိုင်၊ မမြင်နိုင်ပါ။ ဒါကြောင့် ခေတ်ပညာများကို သင်ယူပါတယ်။ ပညာများ တတ်လာမှ ဘဝအကြောင်းကို ဆင်ခြင်နိုင်ပါတယ်။ ဘဝအကြောင်းကို ဆင်ခြင်ပြီးတဲ့အခါ - ဘဝဆိုတာရလျှင် ဆင်းရဲတွေက အလွန်များပါတယ်။ ဒီလိုရတာဟာ တစ်ဘဝထဲမဟုတ်၊ ဘဝများစွာ ဒီလိုပဲ ရပါတယ်။

သေသေချာချာစဉ်းစားပြီး အလုပ်လုပ်ရမည့်အချက်- ဘဝများစွာ ဆက်၍ဆက်၍ ဖြစ်လာတာဟာ 'သံသရာ'။ ဒီလို သံသရာခရီး သွားနေရတဲ့ ဘဝဆိုတဲ့ အမိပ္ပါယ်မှာက အိုခြင်း၊ နာခြင်း၊ သေခြင်း သွားရပါတယ်။

သံသရာလည်ရတဲ့ သဘောကလည်း အိုခြင်းနာခြင်း၊ သေခြင်းနှင့် ဘယ်အခါမှ မလွတ်ကင်းပါဆိုတဲ့ သဘောကို စဉ်းစားမိပါတယ်။ ဘဝဆိုတာ ကမ္မဆိုတဲ့အလုပ်နှင့် ဆောင်ရွက်တော့၊ အလုပ်က စွမ်းအားတွေထွက်ပါတယ်။ ဒီအချက်ကို စဉ်းစားပါ။ လွန်ခဲ့တဲ့ ကပ်လျက် အတိတ်က ဖြစ်တဲ့ဘဝ။ ပစ္စုပ္ပန်မှာ ဖြစ်တဲ့ဘဝ။ ဒီဘဝနှစ်ခုမှာ- ပစ္စုပ္ပန်ဘဝကို တည်ပေးတာဟာ အတိတ်ဘဝ ကံစွမ်းအားက တည်ပေးတာပါ။ ကံစွမ်းအားရှိနေသေးလို့ ဘဝအသစ် ဖြစ်ပါတယ်။ ဘဝအသစ်ရှိနေတာက ကံစွမ်းအား ရှိလို့ပါ။ ကံစွမ်းအားက ဘဝအသစ် တည်ပေးပါတယ်။ ကံစွမ်းအား ထွက်လာဖို့အတွက် စိတ်စွမ်းအား၊ ကိုယ်စွမ်းအား ၂-ခု ပါပါတယ်။ အဓိကဦးဆောင်တာက စိတ်စွမ်းအားက အလုပ်တွေကို ဦးဆောင်ပြီး

တော့ လုပ်ပါတယ်။ ကိုယ်နှင့်စိတ် ၂-ခုရှိရာမှာ စွမ်းအား ဖြစ်လာအောင် ဦးဆောင်တာက စိတ်စွမ်းအားပါ။

ကံစွမ်းအားထွက်လာအောင် လုပ်ပေးနေတဲ့ စိတ်စွမ်းအားထဲမှာ အလုပ်ဖြစ်အောင်လုပ်ပေးတဲ့ သဘာဝ 'စေတနာစွမ်းအား'။ စေတနာခေါ်သော စေ့ဆော်မှု၊ တိုက်တွန်းမှုသဘာဝက ရှေ့ဆောင်မှ အလုပ်ဖြစ်တာပါ။ အလုပ်ဖြစ်တာက ကံစွမ်းအားဖြစ်ရုံပဲ။ ဘဝ အသစ်အသစ် ဖြစ်လာအောင် လုပ်ပေးတဲ့စွမ်းအားက ဒီစိတ်ထဲမှာပဲ ပါပါတယ်။ စိတ်ထဲမှာ စေတနာတင်မက၊ ဘဝအသစ်အသစ်ဖြစ်အောင် လုပ်ပေးတဲ့ စွမ်းအား ပါပါတယ်။

စေတနာသည် ကံဖြစ်အောင် စွမ်းအား ထုတ်ပေးတာပါ။

ဘဝဖြစ်အောင် လုပ်ပေးတဲ့ စွမ်းအားက၊ ဘဝကို တပ်မက်တွယ်တာနေတဲ့ စွမ်းအား၊ 'ဘဝတဏှာ'။ သူသည် စိတ်စွမ်းအားထဲပါတဲ့ စွမ်းအားပါ။

စိတ်စွမ်းအားတွေ ထွက်လာအောင် စေတနာနှင့်လည်း အလုပ်လုပ်ပါတယ်။ ဘဝတဏှာလည်း ပါပါတယ်။ ဘဝတဏှာက ကံစွမ်းအား ထုတ်ပေးပါတယ်။ ဘဝတဏှာနှင့်လုပ်ထားတဲ့ ကံစွမ်းအားက ဘဝအသစ်ကို တည်ပေးပါတယ်။ သတ္တဝါတိုင်းမှာ ဘဝဆိုတဲ့ရှင်မှုကို တွယ်တာတပ်မက်နေတဲ့ စွမ်းအားရှိပါတယ်။ လူမှာလည်း ရှိတယ်။ တိရစ္ဆာန်မှာလည်း ရှိပါတယ်။ ဒီစွမ်းအားကို 'ဘဝတဏှာ' လို့ ခေါ်ပါတယ်။

ဘဝတဏှာစွမ်းအားနှင့် စေတနာ တွဲဖက်ပြီးလုပ်တော့၊ ထွက်ပေါ်လာတဲ့ ကံစွမ်းအားတွေက ဘဝအသစ်ကို တည်ပေးပါတယ်။

ဘဝတဏှာခေါ်တဲ့ ဘဝကို တပ်မက်တွယ်တာနေတဲ့ စွမ်းအား ဟာ သူချည်းမဟုတ်ပါ။ 'ကာမတဏှာ' ခေါ်တဲ့ တွေ့ထိခံစားနေရသော အာရုံအမျိုးမျိုးကို တွယ်တာတပ်မက်နေသော စွမ်းအားက ဘဝတဏှာ နှင့် ပူးပေါင်းပါတယ်။ ဘဝတဏှာ အားကောင်းလာအောင် ကာမတဏှာ ကပါ လုပ်ပေးပါတယ်။ ဒါတင်မက ဒီဘဝ၊ ဒီအဖြစ်မှာ ကိုယ်နှင့်စိတ် ၂-ပါးစလုံးကို ငါ့ကိုယ်၊ ငါ့စိတ်လို့ စွဲလမ်းနေတဲ့သဘော၊ ငါ့ကိုယ်ဟာ အဟုတ်တကယ် ငါလို့ ယုံကြည်နေတဲ့သဘော၊ ငါ့စိတ်ဟာ အဟုတ်တ ကယ် ငါ့စိတ်လို့ ယုံကြည်နေတဲ့ သဘော။ ဘဝဟာလည်း ငါ့ဘဝလို့ ယုံ ထားတဲ့ စွမ်းအားလည်း အလွန်ကြီးပါတယ်။ ဒီယုံကြည်မှု စွမ်းအားက လည်း ဘဝတဏှာကို အားဖြည့်ပါတယ်။

ငါဆိုတာ အဟုတ်ရှိတယ်လို့ ယုံထားလို့ ဘဝတဏှာကလည်း ခိုင်မြဲတာပါ။

ယုံကြည်တဲ့သဘော = ဒိဋ္ဌိ။ ငါ = အတ္တ

ငါ့ကိုယ်ဟာလည်း အဟုတ်တကယ်၊ ငါ့စိတ်ဟာလည်း အဟုတ် တကယ်လို့ ယုံကြည်တဲ့အတွက်။ ငါကိုယ်၊ ငါစိတ်လို့ စွဲနေတဲ့ အတ္တအစွဲ ကလည်း ဘဝတဏှာကို အားဖြည့်ပေးနေတာပါ။ ဒီသဘော သဘာဝတွေ ဟာ စိတ်ထဲမှာရှိတာပါ။ စိတ်က ကာမတဏှာ၊ ဘဝတဏှာ၊ အတ္တဒိဋ္ဌိဆိုတဲ့ စွမ်းအားတွေနှင့် အလုပ်တွေလုပ်ပါတယ်။ ဒီအလုပ်တွေလုပ်တော့ စွမ်း အားတွေ ထွက်ပါတယ်။ ဒီစွမ်းအားတွေက ဘဝအသစ်ကို တည်ပေးနေ ပါတယ်။ တစ်ဘဝဆုံးသွားလျှင် နောက်ထပ်ဘဝအသစ်တစ်ခု တည်ပေး နေတဲ့ သဘောပါ။ ဒါကို ကိုယ့်ဉာဏ်နှင့်ကိုယ် စဉ်းစားဆင်ခြင်နိုင်ဖို့ ဒီပညာ

တွေ သင်ပါတယ်။

ဘဝဆိုသောဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ အသစ်အသစ်ဖြစ်အောင် တည်ပေးနေတာဟာ ကံစွမ်းအားကပါ။ ကံစွမ်းအားကို ဆောင်ရွက်ပေးနေတာက စိတ်စွမ်းအားပါ။ စိတ်စွမ်းအားထဲမှာ အဓိက အလုပ်ဖြစ်အောင် စေတနာက လုပ်ပေးပါတယ်။ ဘဝတဏှာနှင့် တွဲလုပ်ပါတယ်။ ဘဝတဏှာ၏ စွမ်းအားကြောင့် ဘဝအသစ်ကို တည်ပေးတာပါ။ ဘဝကို တွယ်တာတပ်မက်တဲ့အား အလွန်ကြီးပါတယ်။ လူက သေသွားလျှင်လည်း အားက ရှိပါတယ်။ ရှိတဲ့အားက ကံစွမ်းအားကို ခိုင်းပါတယ်။

ဘဝကို တပ်မက်တွယ်တာနေသော တဏှာလောဘ၊ ဘဝတဏှာက ကံစွမ်းအားကို တိုက်တွန်းပေးပါတယ်။ တိုက်တွန်းပေးတဲ့ ကံစွမ်းအားက ဘဝအသစ် တည်ပေးပါတယ်။ ဘဝတဏှာဟာ သတ္တဝါတိုင်းမှာ ရှိပါတယ်။ ဘဝတဏှာ အားကောင်းလာအောင် ကာမတဏှာက အားဖြည့်ပေးပါတယ်။

ကာမတဏှာ - နေ့စဉ်နှင့်အမျှ ခံစားနေရသော အာရုံများပေါ်မှာ တွယ်တာ တပ်မက်နေခြင်း။

ဒီလို အာရုံတွေ ခံစားနေရတာဟာ 'ငါ'။

ဒီဘဝဟာ 'ငါ့ဘဝ'။ ဒီလိုယုံကြည်ထားတာသည် 'ဒိဋ္ဌိ'။ ငါ့ဘဝလို့ ယုံကြည်ထားတာသည် 'အတ္တဒိဋ္ဌိ'။ ယုံကြည်မှု အစွဲကလည်း ဘဝတဏှာကို အားဖြည့်ပေးပါတယ်။ ဘဝတဏှာက အားကောင်းကောင်းနှင့် အလုပ်လုပ်တော့ ကံစွမ်းအားတွေ ထွက်လာပါတယ်။ ဘဝတဏှာက ဦးဆောင်လိုက်တော့ တစ်ဘဝဆုံးလျှင် ဘဝတစ်ခု တည်ပေးနေပါတယ်။

ဘဝအသစ်တစ်ခုတစ်ခု တည်ခြင်းသည် ကံစွမ်းအားကြောင့် တည်တယ် ဆိုတာ မှန်ပါတယ်။ ဒီလိုတည်ပေးနိုင်တဲ့ စွမ်းအားဟာ စိတ်ထဲက ထုတ်ပေးပါတယ်။ အဓိက အလုပ်လုပ်နေတာသည် စေတနာ။ ဘဝကို တွယ်တာနေတာသည် ဘဝတဏှာ။ ဘဝတဏှာ အားကောင်းအောင် ကာမတဏှာက အားပေးပါတယ်။ ပြီးတော့ အတ္တဒိဋ္ဌိခေါ်တဲ့ ငါလို့ယုံကြည်နေတဲ့ ယုံကြည်မှုအစွဲကလည်း အားပေးနေပါတယ်။ ဒီအားတွေနှင့် ဘဝတဏှာက ကြီးထွားလာတော့၊ လုပ်သမျှ အလုပ်တွေကို စွဲလမ်းမှုနှင့်ပဲ လုပ်တော့ ဒီစွမ်းအားတွေထဲမှာ ဘဝတဏှာ၏အား အလွန်ကြီးတဲ့အတွက် ဘဝအသစ်ကို ထပ်၍ထပ်၍ တည်ပေးပါတယ်။ ဒီအကြောင်းအရာတွေကို သဘောပေါက်နားလည်မှ ဘဝဖြစ်ပုံ၊ သံသရာမှာ ဘဝအဆက်ဆက် ဆက်၍ဆက်၍ဖြစ်ပုံ၊ ပဋိသန္ဓေဆိုတဲ့ ဘဝတစ်ခုနှင့်တစ်ခု ဆက်နေတာ၊ ဒီလို ပဋိသန္ဓေဆက်ပြီးမှ ဘဝအသစ်ရတာပါ။ ဘဝအသစ်ကို ရတိုင်း ရတိုင်း သူ့ဥပဒေသအတိုင်း ခရီးသွားရပါတယ်။

ဘဝအသစ်ရတယ်ဆိုတာ ရုပ်ဇီဇအသစ်၊ နာမ်ဇီဇအသစ် ရတာပါ။ ရုပ်ဇီဇအသစ်၊ နာမ်ဇီဇအသစ် ရပြီဆိုလျှင် ရုပ်ဇီဇကလည်း ရုပ်တို့၏ နိယာမအတိုင်း ခရီးသွားပါတယ်။ စိတ်ကလည်း စိတ်၏ နိယာမအတိုင်း ခရီးသွားပါတယ်။ ဒီလိုဘဝခရီးကို သွားနေတဲ့ ရုပ်ဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ သဘာဝနိယာမအတိုင်း၊ ခန္ဓာကိုယ်က သွားပါတယ်။ ထို့အတူ စိတ်ကလည်း စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ကြောင့်ကြခြင်းဆိုတဲ့ နိယာမတွေနှင့် ဘဝခရီးကို သွားရပါတယ်။ ဒါဟာ ဘဝနှင့်ပတ်သက်လို့ တိတိကျကျ၊ မိမိဉာဏ်ကိုသုံးပြီး၊ စဉ်းစားနိုင်အောင်၊ ဒီ အချက်တွေကို

လေ့လာတာပါ။ ဘဝအကြောင်းကို လေ့လာနိုင်ဖို့ပါ။

ဘဝအသစ်အသစ် တည်တာသည် ကံစွမ်းအားက။ ကံစွမ်းအားကို ထုတ်ဖေါ်တာသည် စိတ်က။ စိတ်ကို အလုပ်လုပ်တဲ့အခါ စေတနာနှင့်လုပ်။ စေတနာနှင့် အလုပ်လုပ်မှ ကမ္မပထတွေ မြောက်။ စေတနာနှင့်တွဲ၍ ဘဝတဏှာ အလုပ်လုပ်ပါတယ်။

ဘဝတဏှာ=ဘဝဆိုတာကို တွယ်တာ တပ်မက်နေတဲ့ စွမ်းအား။ ဒီစွမ်းအားက ဘဝအသစ်ကိုတည်ပေးပါတယ်။ ဘဝတဏှာ အားကောင်းလာအောင် ကာမတဏှာက ထောက်ပံ့ပေးပါတယ်။ ငါခံစားတယ်၊ ငါ့ဘဝမှာ ငါဆောင်ရွက်နေတယ်ဆိုတဲ့ ငါလို့ ယုံကြည်နေတဲ့ ယုံကြည်မှု အတ္တဒိဋ္ဌိ။ ဒီအတ္တဒိဋ္ဌိကလည်း ဘဝတဏှာကို တိုးပွားအောင် ဆောင်ရွက်ပေးနေပါတယ်။ ဒီသဘောတွေကို ဗဟုသုတပညာအဖြစ်နှင့် သင်ယူနေတာပါ။ ဒါကို ဟုတ်-မဟုတ်ကိုတော့ မိမိကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားပါ။

ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားမှ ဒီ အဓိပ္ပါယ်တွေကို ပို၍ပြတ်ပြတ်သားသား နားလည်ပါမည်။ ဒါဟာ ဗုဒ္ဓဒေသနာမှာပါတဲ့ ပညာပါ။ ဒါကို သမ္မာသမ္ဗုဒ္ဓ ကသာ ပိုင်းခြား၍ ပြနိုင်တာပါ။ ဒီအကြောင်းအရာတွေကိုသိဖို့ အလွန် ခက်ပါတယ်။ ဒီလို ပိုင်းပိုင်းခြားခြား၊ ပြောပြတဲ့ အတတ်ပညာမျိုး၊ အသိပညာမျိုး၊ ဒီဒေသနာမှာပါလို့ အခုသိရတာပါ။ သမ္မာသမ္ဗုဒ္ဓက သင်ပေးခဲ့လို့ တတ်ရတဲ့ပညာပါ။

ဘဝဆိုတာ ဆက်၍ဆက်၍ အစဉ်မပြတ် ဖြစ်နေတယ်ဆိုတာဟာ တကယ်ဆိုတော့ ကောင်းသလား၊ မကောင်းဘူးလား ကိုယ့်ဉာဏ်နှင့် ကိုယ် သိမှပါ။ ဘဝအဓိပ္ပါယ်ကို သိလာမှ သံသရာ၏ အဓိပ္ပါယ်ကို သိတာ

ပါ။ ဘဝတစ်ခုစီ၏ အဖြစ်မှန်ကိုသိမှ သံသရာ၏ အဓိပ္ပါယ်ကို သိတာပါ။ သံသရာကို လျှောက်နေရတဲ့ သတ္တဝါတို့၏အဖြစ်ဟာ ဆင်းရဲနေတာ အမှန်ပါ။ ရထားတဲ့ ရုပ်ခန္ဓာကလည်း ရုပ်ခန္ဓာ၏ သဘာဝအတိုင်း၊ သူ့ရှင်ရေးအတွက် သူလုပ်နေတာပါ။ အိုခြင်း၊ နာခြင်း၊ သေခြင်းနှင့် လုပ်ရပါတယ်။ နာမ်ခန္ဓာဆိုတဲ့ စိတ်ကလည်း၊ ပူပန်ခြင်း၊ ကြောင့်ကြခြင်းတွေနှင့် လုပ်နေရတော့၊ ဘဝဆိုတာရလျှင် ဒုက္ခပဲ တည်ပေးပါတယ်။

ဘဝတည်ပေးနေတာဟာ ကံစွမ်းအား။ ကံစွမ်းအားဖြစ်အောင် လုပ်ပေးနေတဲ့အချက်မှာ- ကာမတဏှာ၊ ဘဝတဏှာ ပါပါတယ်။ ဘဝတဏှာ အားပြည့်အောင် ကာမတဏှာက ဖြည့်ပေးနေပါတယ်။ ပြီးတော့ အတ္တဒိဋ္ဌိ။ ငါလို့ ယုံကြည်နေတဲ့ ယုံကြည်မှုက အားဖြည့်ပေးပါတယ်။ ဒီအားတွေကောင်းလို့ ဘဝတဏှာကလည်း အားကြီးပါတယ်။ အားတွေကြီးလို့ ဘဝအသစ်အသစ်တွေ တည်ပေးပါတယ်။ ဒါဟာ ဘဝဖြစ်စေသော အကြောင်းနှင့် သံသရာလည်နေတဲ့ လမ်းစဉ်ကို ဘုရားက အကျဉ်းမျှ နားလည်အောင် ပြောပါတယ်။

သံသရာဆိုတာဟာ လည်နေပါတယ်။ ချမ်းသာကို မရ။ ဆင်းရဲကိုသာ ရတာများပါတယ်။ ဒီဆင်းရဲက သံသရာလည်နေတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ဆင်းရဲ၊ 'သံသာရဝဋ္ဋဒုက္ခ'။ သံသရာ လည်နေခြင်းကြောင့် ဖြစ်ပေါ်လာသော ဒုက္ခပါ။ သံသာရဝဋ္ဋဒုက္ခဆိုတာကို ပညာတွေ သင်ယူပြီး ပညာနှင့်ဆင်ခြင်မှ သံသရာဆိုတာ ရှိမှန်း သိလာပါတယ်။ သံသရာဆိုတာ စဉ်ဆက်မပြတ် ဘဝတစ်ခုပြီးတစ်ခု လည်ပတ်နေပါတယ်။ ဒီလို လည်ပတ်နေရတဲ့ ဘဝဟာ ချမ်းသာမရှိ။ ဆင်းရဲခြင်းအတိ ပြည့်နေတယ်ဆိုတဲ့

ဘဝကို သေသေချာချာသိလာလျှင် သံသရာဆိုတာ နေချင်စဖွယ် ကောင်း-မကောင်းဆိုတာကို ကိုယ့်ပညာနှင့်ကိုယ် ဆင်ခြင်၊ ကိုယ့်ဟာကိုယ် လေ့ကျင့်။ ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်ကြည့် မှ အဟုတ်တကယ် သံသရာ၏ အဓိပ္ပါယ်ကိုသိလာလို့ နေချင့်စဖွယ်လည်း မရှိပါ။ ဘေးအန္တရာယ်လည်း အလွန်များပါတယ်။ သံသရာခရီးကို လျှောက်နေရတာ ဘေးအန္တရာယ် အလွန်များပါတယ်။

ဘေးအန္တရာယ်များပြီး လိုချင်စရာ၊ တပ်မက်စရာ၊ တွယ်တာစရာ မဟုတ်တဲ့ဘဝ။ ဘဝအဆက်ဆက် သံသရာခရီးကို ဆက်ပြီးလျှောက်နေလျှင်လည်းပဲ၊ အကျိုးရှိသော သံသရာခရီးလား အကျိုးမရှိတာလား ဆိုတာကို ကိုယ့်ဉာဏ်နှင့်ကိုယ် စဉ်းစားပါ။ သံသရာလည်တယ်ဆိုတာဟာ နှစ်သက်စရာ၊ တပ်မက်စရာ သဘောမပါပါ။ ဒုတိယအချက်က ဘေး အန္တရာယ် အလွန်များပါတယ်။ ဘေးအန္တရာယ် အလွန်များပြီး၊ တပ်မက် စရာမကောင်းတဲ့ ဘဝ၊ သံသရာခရီးကို လျှောက်နေတာဟာ ဘာအကျိုးမှ မရှိပါ။

ဒါကို ဆင်ခြင်တတ်မှ သိတာပါ။ ဒီလို ဆင်ခြင်နိုင်အောင်လည်း အမှန်တွေကို သိအောင်၊ အခုလို ဓမ္မသဘာဝတွေကို ဘုရားက သင်ပေး တာပါ။ ဒါတွေ သင်ပေးမှလည်း သံသာရဝဋ္ဋဒုက္ခခေါ်တဲ့ သံသရာလည် ရခြင်း၏ ဒုက္ခအဓိပ္ပါယ်ကို သိတာပါ။

သံသရာ၏ ဝဋ်ဆင်းရဲကို သေသေချာချာ သိပြီဆိုလျှင်၊ ဒီ သံသ ရာဝဋ်က လွတ်မြောက်ဖို့ လိုပါလားဆိုတာ ဉာဏ်က သိလာပါတယ်။ သံသရာဝဋ်က လွတ်မြောက်ချင်လျှင် လွတ်မြောက်ဖို့ နည်းပညာ ရှိပါ

သလား။ အဟုတ်တကယ် လွတ်မြောက်နိုင်ပါသလား၊ ဖြစ်နိုင်သလား ဆိုတာကို ဉာဏ်နှင့် ထပ်ဆင်ခြင်ပါ။

သံသရာက ထွက်မြောက်ချင်တဲ့ စိတ်ဆန္ဒတွေ ကြီးပွားလာလျှင်၊ အဟုတ် ထွက်ချင်လာလျှင် သံသရာမှ ထွက်မြောက်နည်းပညာ ရအောင် ရှာရပါမည်။

သံသရာမှ ထွက်မြောက်ချင်လျှင် အဟုတ် ထွက်မြောက်နိုင်အောင် အားထုတ်ရတဲ့ နည်းပညာကို ဘုရားက ပေးပါတယ်။ ဒီနည်းပညာကို သုံးရပါမည်။

ဘဝအသစ်အသစ် တည်ပေးနေတဲ့ စွမ်းအား၊ ကံစွမ်းအား။ ဒီကံစွမ်းအားကို ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနေတာ၊ စိတ်စွမ်းအား။ ဒီစိတ်ထဲမှာ ဘဝကို တပ်မက်တွယ်တာနေတဲ့ ဘဝတဏှာက ဒီကံစွမ်းအားတွေ ထွက်ပေါ်လာအောင် ဦးဆောင်နေပါတယ်။ ဘဝတဏှာတွေ အားကောင်းအောင်၊ အာရုံ ၅-ပါးကို တပ်မက်တွယ်တာတဲ့ ကာမတဏှာက ထောက်ပံ့ပေးပါတယ်။ ပြီးတော့ ငါ့ကိုယ်၊ ငါ့ခန္ဓာ၊ ငါ့စည်းစိမ်လို့ ယုံကြည်ထားတဲ့၊ ယုံကြည်မှုအစွဲ အတ္တဒိဋ္ဌိလည်း ဘဝတဏှာကြီးပွားအောင် ဆောင်ရွက်ပေးပါတယ်။

ဒီအားတွေနှင့် ဘဝအသစ် ဖြစ် အောင် ဆောင်ရွက်ပေးနေတဲ့ ကံစွမ်းအားများ ထွက်နေတာကို သိလျှင်၊ ကံစွမ်းအားထွက်အောင် လုပ်ပေးနေတဲ့ စိတ်အကြောင်း၊ စိတ်ထဲမှာပါနေတဲ့ ဘဝတဏှာအကြောင်း၊ ကာမတဏှာအကြောင်း၊ အတ္တဒိဋ္ဌိအကြောင်းရယ်လို့ အကြောင်းခံတွေကို သိလာပြီး၊ ဒီအကြောင်းတွေကို ဖြိုခွဲလိုလျှင် ထွက်ပေါ်လာတဲ့ ကံစွမ်းအား

တွေထဲမှာ ဘဝအသစ် တည်ပေးမည့် စွမ်းအားများကို တစ်ခုပြီးတစ်ခု ဖြိုဖျက်ပါ။ ဒါဟာ ဘဝအသစ်ကို ရပ်နိုင်မည့် နည်းပညာပါ။ ဒါကို သေသေချာချာ နားလည်အောင် စဉ်းစားပါ။ ကိုယ်ကိုယ်တိုင် သံသရာ၏ ဘေးရန်ကို အဟုတ်မြင်မှ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်တာပါ။ အဟုတ်မမြင်သေးလျှင် မထွက်မြောက်ချင်၊ မလွတ်ကင်းချင်ပါ။ ဒါဟာ ပုထုဇဉ်၏ သဘာဝပါ။

သံသရာဆိုတာဟာ အဟုတ် ဘေးအန္တရာယ် ကြီးမားတဲ့ခရီးလို့ ဉာဏ်မျက်စိနှင့်မြင်လာမှ သံသရာမှထွက်ကြောင်းကို အားထုတ်ချင်လာတာပါ။ ပထမအဆင့်က သံသရာလည်ခြင်းကြောင့် ဖြစ်ပေါ်နေတဲ့ ဒုက္ခဘေးရန်တွေကို အဟုတ်မြင်မှ သံသရာဝဋ်ဆင်းရဲကို အဟုတ်ကြောက်မှာပါ။ ဒီလိုမြင်လို့ သံသရာက ထွက်ချင်တယ်ဆိုလျှင်လည်း နည်းပညာရှိပါတယ်။

သံသရာလည်အောင် လုပ်ပေးနေတဲ့ ကံစွမ်းအားတွေကို သေသေချာချာ လေ့လာပါ။ ကံစွမ်းအားတွေ ဖြစ်အောင် လုပ်ပေးနေတာသည် 'စိတ်'ပါ။ ဒီစိတ်မှာ စွမ်းအားတွေ ပါပါတယ်။ အဓိက ဘဝအသစ် တည်ပေးနေတာဟာ ဘဝကို တပ်မက်တွယ်တာနေတဲ့ ဘဝတဏှာပါ။ ဘဝတဏှာ အားကောင်းအောင် အာရုံငါးပါးကို တပ်မက်တွယ်တာနေတဲ့ ကာမတဏှာက အားဖြည့်ပေးပါတယ်။ ငါ့ဘဝ၊ ငါ့ကိုယ်၊ ငါ့စိတ်၊ ငါ့ခန္ဓာလို့ ယုံကြည်နေတဲ့ အတ္တဒိဋ္ဌိကလည်း ဘဝတဏှာကို အားဖြည့်နေတာပါ။ အားဖြည့်နေတဲ့ သဘာဝတရားတွေကိုသိလျှင် အားဖြည့်နေတဲ့ သဘာဝတရားများကို နည်းသည်ထက် နည်းအောင်၊ ကုန်ခမ်းသည့်တိုင်အောင်

ဆောင်ရွက်ရမှာပါ။

အချက် ၃-ချက် တွေ့ပါပြီ။ ဘဝတဏှာဆိုတာ ဘဝအသစ် တည်ပေးမှာ။ သူ့ကို အားပေးနေတာ ကာမတဏှာ။ ပြီးတော့ အတ္တဒိဋ္ဌိ။ ဒီ ၃-ခုဟာ ပျောက်အောင် ကုန်အောင် ဖယ်ရှားရမည့် အလုပ်ပါ။ သူတို့ကုန်မှ ဘဝအသစ်တည်နေတဲ့၊ အသစ်တည်ပေးတဲ့ စွမ်းအား ကုန်မှာပါ။

အတ္တဒိဋ္ဌိဆိုတဲ့ ငါအစွဲ၊ ကာမတဏှာ၊ ဘဝတဏှာ ဒီ ၃-ပါး။ ဘဝတဏှာကိုဖျက်ဖို့ တကယ်ကြိုးစားမည်ဆိုလျှင် ငါ့ကိုယ်၊ ငါ့ဘဝလို့ ယုံကြည်နေတဲ့ အတ္တဒိဋ္ဌိကို ပထမဦးဆုံး ဖယ်နိုင်အောင်ကြိုးစားရပါမည်။ ပြီးတော့ ကာမတဏှာကို ဖယ်နိုင်အောင်ကြိုးစားရပါမည်။ ပြီးတော့မှ ဘဝတဏှာကို ဖယ်နိုင်အောင် ကြိုးစားရပါမည်။ ဒါဟာ ဘဝသံသရာမှ လွတ်မြောက်အောင်၊ သံသာရဝဋ္ဋဒုက္ခမှ လွတ်ကင်းအောင် နည်းလမ်း အဆင့် ၃-ဆင့် ပါ။

၁။ ငါအစွဲ

၂။ အာရုံ ၅-ပါးပေါ်မှာ တပ်မက်နေတဲ့ ကာမတဏှာ

၃။ ဘဝကို တပ်မက်နေတဲ့ ဘဝတဏှာ။

ဒါဟာ ဘုရားရှင်ပေးထားတဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းထွက်မြောက်လိုသူများ အားထုတ်ရမည့် အလုပ် ၃-ဆင့်ပါ။

ပထမဆုံး အတ္တဒိဋ္ဌိဆိုတဲ့ အစွဲကို ပယ်ရပါမည်။ ခန္ဓာကိုယ်ကြီးကို ငါ့ကိုယ်၊ ငါ့ခန္ဓာ၊ ငါပိုင်တယ်၊ ခိုင်တယ်၊ မြဲတယ်၊ တင့်တယ်တယ်လို့ ယုံကြည်ပြီး အတ္တက ဒီခန္ဓာကိုယ်ကို စွဲနေတာပါ။ ပိုင်တယ်၊ နိုင်တယ်၊ ခိုင်တယ်၊ မြဲတယ်၊ တင့်တယ်တယ်ဆိုတဲ့ အစွဲတွေ ဟုတ်-မဟုတ်ကို ပညာနှင့်

ဆင်ခြင်ပြီး ကိုယ့်ပြဿနာကိုယ်ရှင်းပါ။

ပညာနှင့် စဉ်းစားနိုင်အောင်ကြိုး စားမှ အစွဲက လျှော့မှာပါ။ ကိုယ်ခန္ဓာကို ငါ့ကိုယ်လို့ စွဲနေတဲ့အစွဲကို လျှော့ချနိုင်ဖို့အတွက် ပေးတဲ့ ပညာ။ ခန္ဓာကိုယ်အကြောင်းကို သဘာဝကျကျ လေ့လာတဲ့ပညာ။ ခန္ဓာ ကိုယ်=ကာယ။ ခန္ဓာကိုယ်ကြီးကို အဆင့်ဆင့် စူးစမ်းဆင်ခြင်တဲ့ အနုပဿ နာပညာ။ ကာယာနုပဿနာပညာ။ ခန္ဓာ ကိုယ်ကြီး၏ အမှန်တရားကို သိအောင်၊ ခန္ဓာကိုယ်ကြီးကို အပိုင်းပိုင်း၊ အစိပ်စိပ်ခွဲခြမ်း၍ ကြည့်ရှု ဆင်ခြင်တတ်သော ပညာ၊ ကာယာနုပဿနာပညာ။ ဒီပညာကို အဟုတ် တကယ်ဆည်းပူး၍ သေသေချာချာ ခန္ဓာကိုယ်၏ အဖြစ်မှန်ကို သိအောင် ရှုမှတ်ရမည်။ ပွားများရပါမည်။

ရှုမှတ်ပွားများခြင်းအလုပ် = ဘာဝနာ

ဘာဝနာဆိုတာ ပွားများနိုင်အောင် အခြေခံဖြစ်သော ပညာကို သင်ယူရပါမည်။ ကာယာနုပဿနာပညာသည် ကာယာနုပဿနာ ဘာ ဝနာ ပွားနိုင်အောင် သင်ယူရတာပါ။ ပညာတတ်မှ ဘာဝနာက ပွားလို့ရ တာပါ။

ဒီပညာတွေသင်ပြီး ဒီဘာဝနာတွေ ပွားနိုင်လျှင် အတ္တဒိဋ္ဌိဆိုတဲ့ ငါ့ကိုယ်၊ ငါ့ကိုယ်လို့ စွဲနေတဲ့အစွဲကို လျှော့နိုင်ပါမည်။ တစ်ဆင့်စီသွား လျှင်- ခန္ဓာကိုယ်ကြီးမှာရှိနေသော အတွင်းတည်ဆောက်မှုတွေကို ဉာဏ် မျက်စိနှင့် မြင်အောင်ကြည့်ပါ။ အခုသင်ယူနေတဲ့ ပညာရပ်မှာ ရူပက္ခန္ဓာ ကြီးကို အပေါ်ယံမှကြည့်၍ တစ်ပေါင်းတစ်စည်းထဲ မြင်နေတဲ့ အမြင်မျိုးမှ လွန်၍ သဘာဝအစစ်ဖြစ်သော ပုံတွေ၊ ခန္ဓာကိုယ်ကြီး၏ အတွင်းမှာ ရှိ

နေသော ကောဋ္ဌာသတို့၏ အရှိသဘော၊ သူ၏အဆင်း၊ သူ၏သဏ္ဌာန်ကို မြင်အောင်ကြည့်ပါ။

မြင်တဲ့သဘောမှာ ပထမဆုံး အပေါ်ယံက မြင်နေတဲ့ ကိုယ်ခန္ဓာက တင့်တယ်တယ်လို့ မြင်နေ၊ စွဲနေတာပါ။ အထဲကြည့်လိုက်တော့ ကောဋ္ဌာသတွေဟာ တင့်တယ်တဲ့အဆင်း မရှိပါ။ မတင့်တယ်တာ အမှန်ပါ။ မတင့်တယ်သော ခန္ဓာကိုယ်ဟာ အမှန်တရားပါ။ ဒီ တင့်တယ်တယ်လို့ ထင်နေတဲ့အထင်ကို ပျောက်သွားအောင် ဒီ ရူပါရုံကို ထပ်တလဲလဲ ရှုမှတ်ပွားများပါ။ ဒါဟာ ကာယာနုပဿနာအလုပ်ပါ။ အတ္တဒိဋ္ဌိကို ဖယ်ဖို့အတွက်ပါ။

ဒီလို တစ်ဆင့်စီ လေ့လာတော့၊ ဒီခန္ဓာကိုယ်ကြီးဟာ စဉ်ဆက်မပြတ်၊ မရပ်မနား သူ့အလုပ်တွေ သူလုပ်နေရတာပါ။ ဒီလုပ်နေတဲ့ အလုပ်တွေအကြောင်းကိုလည်း လေ့လာရပါမည်။ အလုပ်တွေက ရှင်ရေးလုပ်နေရတာပါ။ ရှင်ရေးလုပ်တဲ့အလုပ်ကို  သင်္ခါရ။ ကာယသင်္ခါရ အကြောင်းကိုလည်း လေ့လာရပါမည်။

ဒီလို လေ့လာပြီး၊ ထပ်တလဲလဲ ရှုမှတ်ပွားများတယ်ဆိုလျှင် ငါ့ကိုယ်၊ ငါ့ခန္ဓာလို့ စွဲနေတဲ့ အစွဲဟာ တဖြည်းဖြည်း လျော့ပါးသွားပါမည်။ မတင့်တယ်ဘူး၊ မခိုင်မြဲဘူး၊ မပိုင်ဘူး ဆိုတာကို သိလာပါပြီ။ ဒီလိုအသိတွေစွဲလာမှ အတ္တဒိဋ္ဌိကို ဖယ်နိုင်ပါမည်။ အတ္တဒိဋ္ဌိ ဖယ်နိုင်လျှင် ဘဝတဏှာအား လျော့လာပါပြီ။

ကာမတဏှာ၊ ဘဝတဏှာကို အတ္တဒိဋ္ဌိလျှော့နိုင်တာနှင့်အမျှ ဒီတဏှာတွေက လျော့ပါမည်။ ဘဝတဏှာ ကုန်ပြီဆိုလျှင် သံသရာဝဋ်မှ

ဆင်းရဲမှ ထွက်မြောက်နိုင်ပါမည်။

လမ်းစဉ်ကို ဉာဏ်နှင့်မြင်ထားမှ၊ ဒီအလုပ်တွေ ဘယ်လိုလုပ်နေတာ၊ ဘာကြောင့်လုပ်နေတယ် ဆိုတာကို သိမှာပါ။ အခု သင်ပေးတာတွေသည် နာမ်ရုပ်လေ့ကျင့်ရေး အလုပ်ပါ။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ငါ့ကိုယ်၊ ငါ့ခန္ဓာ၊ ပိုင်တယ်၊ နိုင်တယ်၊ မြဲတယ်၊ ခိုင်တယ်လို့ စွဲနေတဲ့ ဒိဋ္ဌိဥပါဒါန်ကို ဖယ်နိုင်ဖို့အတွက် ပထမအဆင့်အနေနှင့် ကျင့်ရ၊ အားထုတ်ရတဲ့ အလုပ်ပါ။

အခုလုပ်နေတဲ့ အလုပ်သဘောကို သေသေချာချာ၊ အခြေခံနှင့်တကွ စဉ်းစားဆင်ခြင်တတ်မှ ကိုယ့်အလုပ်ကို ကိုယ်သိမှာပါ။ သိပြီးမှ လျှောက်ရတဲ့ ဘဝလမ်းစဉ်ပါ။ အလွန်ခက်ခဲပါတယ်။ သိမ်မွေ့ပါတယ်။ ဘဝအသစ် နောက်ထပ် မတည်အောင်၊ ဘဝအသစ်တည်နေတဲ့ စွမ်းအားတွေကို လျှော့နေတာပါ။ စွမ်းအားတွေက စိတ်ထဲမှာ ပါနေတာပါ။ ဒီစိတ်တွေ အလုပ်လုပ်လို့ ကံစွမ်းအားတွေ ထွက်နေပါတယ်။ ငါဆိုတဲ့ ငါအစွဲ၊ ငါကြိုက်တယ်၊ ငါ့ဘဝဆိုတဲ့ အစွဲတွေနှင့် ဘဝအသစ်အသစ် ဖြစ်အောင် စွမ်းအားတွေ ထုတ်နေပါတယ်။

ဒီသဘောတွေဟာ အခုလိုပညာများ သင်ယူမှ သဘောပေါက်ပါတယ်။ ဘဝအကြောင်း၊ သံသရာအကြောင်း သိလာပါမည်။ သံသရာ၏ ဘေးရန်ကိုလည်း သိလာပါမည်။ ဒါမှ သံသရာမှ ထွက်မြောက်ချင်တဲ့ သံသာရဝဋ္ဋဒုက္ခဆိုတာ သိပါမည်။ ဒီတရားတွေကို ကျင့်ချင်၊ ကြံချင်၊ အားထုတ်ချင်ပါမည်။ ကျင့်ချင်၊ ကြံချင်၊ အားထုတ်ချင်တဲ့စိတ်သည် 'သံဝေဂဉာဏ်'တွေပါ။ သံဝေဂဉာဏ်တွေရလာမှ ဒီတရားများကို အား

ထုတ်နိုင်မှာပါ။

အခု ကြိုးကြိုးစားစား ဘုရားရှင်ပေးတဲ့ ပညာများကို သင်ပေးပါတယ်။ ဒီပညာတွေဟာ ဘဝအကြောင်းကို နားလည်ဖို့၊ ဘဝတွေ သံသရာတွေ လည်နေရတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ဆင်းရဲအကြောင်းကို နားလည်ဖို့ သံသရာလည်နေခြင်းကြောင့် ဘေးအန္တရာယ်တွေ ဖြစ်နေတယ်ဆိုတာကို သိဖို့၊ ဒီဘေးအန္တရာယ်တွေရှိတဲ့ ဘဝခရီး၊ သံသရာခရီးကို လျှောက်နေရတာ အကျိုးမရှိဆိုတာကို သိဖို့၊ ဒီဘဝမှ လွတ်မြောက်ချင်၊ သံသရာမှ လွတ်မြောက်ချင်လျှင် အားထုတ်တဲ့နည်းပညာတွေ သင်ပေးပါတယ်။

အခုရထားတာသည် ဗဟုသုတပညာပဲ ရထားပါတယ်။ ဗဟုသုတပညာများကို ကိုယ်ပိုင်ဉာဏ်နှင့် အချိန်ယူပြီး သေသေချာချာ စဉ်းစားပါ။ တကယ် သဘောပေါက်အောင် ကိုယ်ပိုင်ဉာဏ်နှင့်စဉ်းစားပါ။ ဒါသည် စိန္တာမယပညာပါ။ စိန္တာမယပညာနှင့် တကယ်သိပြီး နားလည်လာမှ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းချင်၊ ထွက်မြောက်ချင်တဲ့ဆန္ဒတွေ ပေါ်မှာပါ။ သံဝေဉာဏ်တွေ တိုးပွားမှာပါ။ ဒါမှ သံသရာထွက်ကြောင်း အလုပ်ကို အဟုတ်လုပ်ကြမှာပါ။

အခုဘုရားရှင်ပေးသော နည်းပညာများကို ဆင်ခြင်ရတဲ့အတွက် ဘဝအဓိပ္ပါယ်၊ သံသရာအဓိပ္ပါယ်ကိုလည်း သိပါပြီ။ ဘဝမှ ထွက်ကြောင်း၊ သံသရာမှထွက်ကြောင်းကိုလည်း သိပါပြီ။ ဒီလို ထူးသောအခွင့်၊ ထူးသော ပညာများ ရတာဟာ မိမိတို့အတွက် အလွန်ကံကောင်းလို့ ဒီပညာများ သင်ယူရတာပါ။ ရထားတဲ့ သုတပညာတွေကို ဆုတ်ဆုတ်ကိုင်ကိုင် ကိုင်

ထား၊ မိမိဉာဏ်နှင့် ထပ်တလဲလဲ စဉ်းစား။ စဉ်းစားနေတာသည်ပင် ဝိပဿနာပညာပါ။ ဝိပဿနာပညာတွေ တိုးပွားပြီး သံသရာမှထွက်ကြောင်း အလုပ် လုပ်နိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါပြီ။ လမ်းကြောင်းကိုလည်း မြင်ပါပြီ။ မိမိတို့ဘဝအဆင့် မြင့်သည်ထက်မြင့်ပြီး သံသရာမှ ထွက်မြောက်အောင် အားထုတ်နိုင်သော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။